VERMONT
DEPARTMENT OF HEALTH

# Vermont တွင်နေထိုင်သော LGBTQ + များ၏ ကျန်းမာရေးလိုအပ်ချက်များ

**မေလ၊ 2024 ခုနှစ်**

2024 ခုနှစ် ပြည်နယ်တွင်း ကျန်းမာရေးဆိုင်ရာ အကဲဖြတ်သုံးသပ်မှုသည် Vermont တွင် နေထိုင်သူများ၏ ကျန်းမာရေးနှင့် ကိုယ်စိတ်ချမ်းသာမှုတို့အကြောင်း ကျွန်ုပ်တို့သိရှိထားသည့်အရာများကို ခြုံငုံသုံးသပ်ထားခြင်းဖြစ်ပါသည်။ ဤအချက်အလက် အကျဉ်းချုပ်တွင် Vermont ရှိ LGBTQ+ နေထိုင်သူများ၏ ကျန်းမာရေးလိုအပ်ချက်များနှင့် တွေ့ကြုံခံစားရမှုများအကြောင်း တွေ့ရှိချက်များကို ဖော်ပြပေးထားပါသည်။ ၎င်းတွင် အများသူငှာဖတ်ရှုနိုင်သော အချက်အလက်များ၊ ဦးတည်အုပ်စုဖွဲ့ ဆွေးနွေးခြင်းများအပြင် ရပ်ရွာမိတ်ဖက်များ၊ ကိုယ်တွေ့အတွေ့အကြုံများသော ကျွမ်းကျင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများမှ ရယူထားသော အချက်အလက်များ ပါဝင်သည်။

## အဓိက တွေ့ရှိချက်များ

- အမေရိကန်ပြည်ထောင်စုရှိ LGBTQ+ လူဦးရေသည် **လွန်ခဲ့သော 10 နှစ်အတွင်း နှစ်ဆရှိလာ**သော်လည်း နိုင်ငံလုံးဆိုင်ရာ စစ်တမ်းဒေတာများတွင် ကိုယ်စားပြုမှုနည်းပါးလျှက်ရှိပါသည်။ လိင်စိတ်ခံယူချက်နှင့် လိင်စိတ်တိမ်းညွှတ်မှုဆိုင်ရာ မေးခွန်းများကို ပုံမှန် မေးမြန်းလေ့မရှိပါ။ ဤသို့လုပ်ဆောင်ခြင်းက လူမှုရေး၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို သိရှိနားလည်ခြင်းအပေါ် ထိခိုက်စေနိုင်ပါသည်။

- 2021 ခုနှစ်တွင် **Vermont ဒေသခံများ၏ 10%** ကို LGBTQ+ အသိုင်းအဝိုင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် သတ်မှတ်ထားသည်။ 6% က သူတို့သည် လိင်တူလိင်ကွဲနှစ်မျိုးလုံး ချစ်ခင်စုံမက်သူဟု ဆိုကြပြီး 2% က မိန်းကလေးချင်းနှစ်သက်သူ/ယောကျ်ားလေးချင်းနှစ်သက်သူဟု ဆိုကာ 2% က အခြားစိတ်တိမ်းညွှတ်မှုရှိသူဖြစ်ကြောင်းနှင့် 1% က လိင်ပြောင်းထားသူဖြစ်ကြောင်း ဆိုထားပါသည်။

- လူဖြူမဟုတ်သော LGBTQ+ ကျောင်းသားများသည် ဟတ်စပန်းနစ်မဟုတ်သော လူဖြူကျောင်းသားများထက်စာလျှင် **ငတ်မွတ်ခေါင်းပါးမှု သို့မဟုတ် အိမ်ရာမတည်ငြိမ်မှုကို တွေ့ကြုံခံစားရနိုင်ခြေ** သုံးဆပိုများသည်။

- Vermont တွင် LGBTQ+ အသိုင်းအဝိုင်းဝင်များသည် **ပုံစံမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုကို တွေ့ကြုံခံစားနေကြပြီး** ယင်းတို့က ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးစွဲမှုဆိုင်ရာ ပြဿနာများအပေါ် တိုက်ရိုက်သက်ရောက်မှုရှိပါသည်။

**"ဒါက ရိုးရှင်းတယ်လို့ ထင်ရပေမဲ့ တစ်ယောက်ယောက်က အမြဲတမ်း ကိုယ့်ကို လိင်အမျိုးအစားနဲ့ပတ်သက်တဲ့ အသုံးအနှုန်း မှားခေါ်တဲ့အခါ၊ တမင်သက်သက် မှားခေါ်တာလို့ ခံစားရတဲ့အခါ၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်က ကိုယ့်ကို သင့်တော်တဲ့ စောင့်ရှောက်မှု တမင်မပေးဘူးလို့ ခံစားရတဲ့အခါ ရိုးရှင်းတဲ့ကိစ္စ မဟုတ်တော့ပါဘူး။**

- LGBTQ+ လူငယ်များကြားတွင် အနိုင်ကျင့်မှုနှင့် ခွဲခြားဆက်ဆံမှုနှုန်း ပိုမိုမြင့်မားလာခြင်းသည် **တစ်ကိုယ်တည်းဖြစ်ခြင်းနှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ မရှိခြင်း** ကို ဖြစ်ပေါ်စေနိုင်သည်။ မိမိကို ပံ့ပိုးကူညီပေးသော လူကြီးများရှိပြီး အခိုင်အမာ ရပ်တည်ပေးပြီး ဘေးကင်းစိတ်ချရသော နေရာများကို ရရှိနိုင်လာသည်နှင့်အမျှ ဤအန္တရာယ်များ လျော့နည်းသွားပါသည်။

- အရွယ်ရောက်ပြီးသူ LGBTQ+ များသည် Vermont ရှိ LGBTQ+ မဟုတ်သူများထက် ကုန်ကျစရိတ်ကြောင့်**ကျန်းမာရေး စောင့်ရှောက်မှု ရယူရာတွင် နှောင့်နှေး**နိုင်ခြေ ပိုများသည် (13% နှင့် 5%)။

**“လိင်ပြောင်းထားသူတွေရဲ့ တွေ့ကြုံခံစားရမှုကို နားလည်ပေးနိုင်တဲ့ စိတ်ကျန်းမာရေး စောင့်ရှောက်မှုပေးသူ တစ်ဦးကိုမှ ကျွန်ုပ်ရှာမတွေ့ခဲ့ပါ။ ကျွန်ုပ်ကို စောင့်ရှောက်မှုပေးနေတဲ့သူတွေကို သိရှိအောင် မပြောပြချင်သလို ကျွန်ုပ်ရဲ့ခံယူချက်နဲ့ပတ်သက်ပြီး ဆက်တိုက်မေးခွန်းတွေ မေးနေတာကို မဖြေချင်တာကြောင့် ဒါက တကယ့်ကို ခက်ခဲပါတယ်။"**

# Vermont တွင်နေထိုင်သော LGBTQ + များ၏ ကျန်းမာရေးလိုအပ်ချက်များ

- LGBTQ+ အသိုင်းအဝိုင်းအတွင်း **အိမ်ရာမဲ့ဖြစ်သော** လူဦးရေသည် မကြာသေးမီက နှစ်များအတွင်း အလွန်တိုးမြင့်လာပါသည်။
- LGBTQ+ အသိုင်းအဝိုင်းမှ **ဆေးဘက်ဆိုင်ရာနှင့် စိတ်ကျန်းမာရေး ဝန်ဆောင်မှုပေးသူများ** မရှိကြသဖြင့် ဝန်ဆောင်မှုအများစုက ဤအသိုင်းအဝိုင်းဝင်များကို ဖော်ရွေပျူငှာစွာ မဆက်ဆံကြပါ၊ ဤမှတစ်ဆင့် ထိုပုဂ္ဂိုလ်များစွာသည် သူတို့လိုအပ်သော ပံ့ပိုးကူညီမှုကို မရယူဖြစ်ကြတော့ပါ။

"မိသားစုတွေက ဒီကလေးရဲ့နာမည်နဲ့ နာမ်စားကို မှန်မှန်ကန်ကန် ခေါ်ဝေါ်ပေးရင် သူ့အတွက် အထူးတလည် ဆေးဝါးကုသမှုကို လိုအပ်ဦးမှာလား။ ဒီလူငယ်တွေ သွားလာနေတဲ့ အသိုင်းအဝိုင်းတွေက သူတို့ကို အရှိအတိုင်း လက်ခံပေးရင် သူတို့က အလားတူ စိုးရိမ်ကြောင့်ကြမှုကို ခံစားရဦးမှာလား။"

- Vermont ရှိ LGBTQ+ လူငယ်များသည် Vermont ရှိ လူငယ်အားလုံးနှင့် နှိုင်းယှဉ်ပါက သိသိသာသာ ပိုမိုများပြားသော **စိတ်ခံစားချက်ပိုင်းဆိုင်ရာ အခက်အခဲများ**ကို တွေ့ကြုံခံစားရသည်-
    - နေ့တိုင်းနီးပါး ဝမ်းနည်းမှု သို့မဟုတ် မျှော်လင့်ချက်မဲ့မှုကို ခံစားရခြင်း (21% နှင့် နှိုင်းယှဉ်ပါက 52%)
    - အမြဲတမ်းလိုလို ထိတ်လန့်မှု သို့မဟုတ် စိုးရိမ်ပူပန်မှုကို ခံစားရခြင်း (62% နှင့် 27%)
    - အမြဲတမ်းလိုလို စိတ်ကျန်းမာရေး ချို့တဲ့မှုကို ခံစားရခြင်း (59% နှင့် 35%)
    - လွန်ခဲ့သော 12 လ အတွင်း ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ရန် ကြိုးပမ်းခဲ့ခြင်း (14% နှင့် 7%)
- LGBTQ+ အရွယ်ရောက်ပြီးသူများအတွက်လည်း **ကိုယ်ကာယနှင့် စိတ်ကျန်းမာရေး ကွာဟချက်များ**စွာ ရှိပါသည်။

| | စိတ်ကျန်းမာရေး ချို့တဲ့ကြောင်း အစီရင်ခံသူ | စိတ်ကျရောဂါ ဖြစ်သူ | မသန်စွမ်းသူ | ပန်းနာရင်ကျပ်ဖြစ်သူ | မကြာသေးမီကာလအတွင်း အရက်အလွန်သောက်သုံးသူ |
|---|---|---|---|---|---|
| အမေရိကန်နိုင်ငံသားအားလုံး | 15% | 19% | 29% | 10% | 15% |
| Vermont ပြည်နယ်သားအားလုံး | 16% | 25% | 25% | 12% | 17% |
| **Vermont ရှိ LGBTQ+** | **31%** | **45%** | **34%** | **20%** | **23%** |

"စိတ်ကျန်းမာရေး စိုးရိမ်စရာကိစ္စတွေအပြင် သေကြောင်းကြံစည်မှု စိတ်ကူးတွေ ပေါ်လာစေဖို့ ဒီ [ရာသီဥတု ပြောင်းလဲမှု] က တကယ့်ကိုဂယက်ရိုက်ခတ်မှုတွေ ရှိပါတယ်။ လူငယ်တွေက သူတို့ဦးတည်သွားဖို့ အသင့်ပြင်နေတဲ့ အနာဂတ်အကြောင်း စဉ်းစားနေချိန်မှာ သူတို့ဘဝထဲက လူကြီးတွေက ဒီပြဿနာတွေကို အလေးအနက်ဖြေရှင်းဖို့ ဘာမှသိပ်မလုပ်တာကို မြင်တွေ့နေကြရတယ်။ ဒါက အကြီးအကျယ် စိတ်ဖိစီးစရာပါ။"

*အတူပူးပေါင်းဆောင်ရွက်သူ*

C4BHI

# Vermont တွင်နေထိုင်သော LGBTQ + များ၏ ကျန်းမာရေးလိုအပ်ချက်များ

## ကိုးကားချက်များ-

- ကောင်တီ ကျန်းမာရေး အဆင့်သတ်မှတ်ချက်များ၊ Wisconsin တက္ကသိုလ် လူဦးရေကျန်းမာရေး အင်စတီကျူ။ မှီငြမ်းစရာများတွင် ပါဝင်သည်များမှာ-
    - VT ကျန်းမာရေးဌာန လူဦးရေကျန်းမာရေးဆိုင်ရာ စစ်တမ်းများနှင့် အချက်အလက်များ
    - VT ပညာရေးဌာန အချက်အလက်နှင့် အစီရင်ခံခြင်း
    - VT ကင်ဆာရောဂါဆိုင်ရာ မှတ်တမ်းသွင်းရုံး
    - VT ရာဇဝတ်မှုဆိုင်ရာ သတင်းအချက်အလက်စင်တာ
    - VT ကျန်းမာရေးဌာန သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အချက်အလက်များ ခြေရာခံစနစ်
    - VT ပြည်နယ် အဝေးပြေးလမ်းမ ဘေးကင်းရေးရုံး
    - VT ကာကွယ်ဆေး ထိုးနှံပေးနိုင်မှု လူဦးရေ
- CARES ဒေတာဘေ့စ်၊ Missouri တက္ကသိုလ်။ အောက်ပါတို့အပါအဝင် ကန့်သတ်မထားသည့် မှီငြမ်းစရာများစွာမှ ဒေတာများကို စုစည်းရယူထားပါသည်-
    - အမေရိကန်ပြည်ထောင်စု သန်းခေါင်စာရင်းကောက်ယူမှု ဗျူရို
    - အမေရိကန် လူမှုအသိုင်းအဝိုင်း စစ်တမ်း (ACS)
    - ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေး စင်တာများ (CDC)
    - အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန (USDA)
    - သယ်ယူပို့ဆောင်ရေး ဌာန
    - ဖက်ဒရယ် စုံစမ်းစစ်ဆေးရေး ဗျူရို
- အပြုအမူပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်စေနိုင်သော အချက်အလက်များ စောင့်ကြည့်ရေး စနစ် (BRFSS 2021)
- လူငယ်များ၏ အန္တရာယ်ရှိသော အပြုအမူဆိုင်ရာ စစ်တမ်း
- စိတ်ကျန်းမာရေးဌာန မျှော်မှန်းချက် 2030
- ပြည်နယ် လူငယ်အကြံပေးအဖွဲ့ ကျန်းမာရေး တန်းတူညီမျှမှု အစီရင်ခံစာ
- လူဖြူမဟုတ်သော LGBT ကျောင်းသားများ ရင်ဆိုင်ရသည့် ကျန်းမာရေးကွာဟချက်များ၊ ဧပြီလ 2022 ခုနှစ်